# မင်းနည်းကို ကြိုက်တယ်ကွာ...



Audelia Agustine ၊ Haikal

This book was adapted into the Myanmar Language by MBAPF in partnership with
Room to Read Accelerator™ under the Myanmar Let's Read Project

# I Like Your Way

# မင်းနည်းကို ကြိုက်တယ်ကွာ...

Author: Audelia Agustine
Illustrator: Haikal
Designer: EorG
Editor: လူသာမန်
Translators: ကျော်လင်း၊ ချိုသဲ၊ ဆုမြတ်ငွေး

MM-ABP-19-0008
Copyright © 2015 by Yayasan Litara
All rights reserved
Translated by MBAPF under license from Room to Read
Translation Copyright © 2019 by Room to Read

Originally published in Indonesia by Yayasan Litara in 2015
First Myanmar Language Edition
ISBN – 978-99971-54-03-3

ထုတ်ဝေသူ –
ဒေါက်တာသန့်သော်ကောင်း (မှတ်ပုံတင်အမှတ် – ၀၀၂၂၀)
Myanmar Book Centre စာပေတိုက်
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

Distributed by:
Myanmar Book Centre
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
Tel: (951) 212 409, 221 271, (959) 731 477 32, 730 159 93
Fax: (951) 221 271
Email: info@myanmarbook.com
www.MyanmarBook.com

MBAPF

Myanmar Book Aid and Preservation Foundation (MBAPF) is a non-profit charity organization with the goal of improving the quality and access to library services throughout Myanmar (Burma).
Learn more at www.mbapf.org

Room to Read® Accelerator provides technical assistance services in children's literacy and girls' education.
Learn more at www.roomtoread.org.

Room to Read
465 California Street, Suite 1000
San Francisco, CA 94104
USA

Original Version available from:
Yayasan Litara
Puri Cipageran Indah II, Blok A1 no. 12A, Tanimulya, Kab.
Bandung Barat. West Java 40552
Indonesia

မင်းနည်းကို
ကြိုက်တယ်ကွာ...



အမေ... နိုနို
ဒီဒီးမွေးနေ့
သွားလိုက်ဦးမယ်။



J

နိုနို အတူတူ သွားမယ်လေ။



ငါ မင်းကို လမ်းပြပေးမယ်။

မလိုပါဘူး ဝီဝီ။ ဘယ်လိုသွားရမလဲဆိုတာ ငါသိပါတယ်။



ဟော့...ဟော့။ ဘာလို့
အနံ့ခံနေတာလဲ။ ငါက
နံနေလို့လား။ ဒါမှမဟုတ်
အကူအညီလိုလို့လား။



မလိုပါဘူး ဝီဝီ။
ဘယ်လိုသွားရမလဲ
ဆိုတာ ငါသိပါတယ်။



“ဆာတေး”
ဒီအနံ့ကို မင်း
အနံ့ခံဖူးတယ်လေ။

ဒီအချက်က ညာဘက်ကို
ကွေ့ရမယ်လို့ ဆိုလိုချင်တာမဟုတ်လား။
မင်းနည်းလမ်းက မိုက်တယ်ကွာ။

ငါသိပါတယ်။






ဘယ်သွားရမလဲဆိုတာ အနံ့
ခံကြည့်ပြီး သိနေတာကိုး။




ဘာလို့ ရပ်လိုက်တာလဲ။
နံရံကို ဘာလို့ ကိုင်တာလဲ။

ခေါင်းမူးနေလို့လား။
ငါ ကူပေးမယ်လေ။



မလိုပါဘူး ဝီဝီ။
ဘယ်လိုသွားရမလဲဆိုတာ
ငါသိပါတယ်။



နံရံက
ထူးခြား
နေတာကိုး။
ဒီနားမှာ ဒီနံရံတစ်ခုပဲ ကျောက်စရစ်ခဲတွေနဲ့
ဆောက်ထားတာလေ။



“ငါသိပြီ။”

ဒီအချက်က ဘယ်ဘက်ကို
ကွေ့ရမယ်လို့ ဆိုလိုတာပေါ့။
မင်းနည်းလမ်းက မိုက်တယ်ကွာ။



ထိ...



ထိ...

ထိ...



ဘယ်ကိုသွားရမလဲဆိုတာ မျက်နှာပြင်ကို
စမ်းကြည့်ပြီး သိသွားတာကိုး။



နိုနို သတိထား

ရေတွေဟာ။
ငါ လမ်းပြပေးမယ်။



မလိုပါဘူး ဝီဝီ။
ဘယ်လိုသွားရမလဲဆိုတာ
ငါသိပါတယ်။

တော်လိုက်တာ။ မျက်စိမမြင်ရပေမယ့် ရှောင်နိုင်တယ်။



အဲဒီတုတ်ကောက်က တော်တော်အသုံးတည့်တာပဲ။






နီနီ... ရှေ့မှာ ခွေးက ခြံအပြင် ရောက်နေတယ်ဟ။

ဟုတ်တယ် ဝီဝီ။
ငါ သိပြီးသားပါ။





"အိုး…" ခွေးဟောင်သံက မင်းကို တည့်တည့်
သွားရမယ်လို့ ဆိုတာကိုး။
တော်လိုက်တာ…။
မင်း တော်တော်သိတာပဲ။

နားထောင်…
နားထောင်…
နားထောင်…

အသံတွေကို ဂရုစိုက်ပြီး
နားထောင်ကြည့်ပါ။
ဘယ်လိုသွားရမယ်ဆိုတာ သိလာလိမ့်မယ်။





ဝေးဟေး...!

ဒီဒီးအိမ် ရောက်ပြီဟော့။

ငါ မှန်းကြည့်မယ်။

“ကောက်ညှင်းလုံးကြော်။
မုန့်ပေါက်ကြော်။ မုန့်စကြော်။”





ဝီဝီ ဘာပြောချင်တာလဲ
ဆိုတာ ငါသိတယ်။

မြည်းကြည့်...



မြည်းကြည့်...








အရသာကို မှတ်ထားတယ်။
အဲဒါ ငါ့ရဲ့နည်းပဲ ဝီဝီရဲ့။

မင်းရဲ့နည်းကို ကြိုက်တယ်
နိုနိုရာ။







Wuri and Rano are on their way to a friend's party. Wuri offers to guide his friend as they walk to their friend's house. But Rano is confident that he knows the way. Wuri is puzzled and amazed: how can Rano find his way?



Audelia Agustine သည် Parahyangan တက္ကသိုလ် ဗိသုကာဌာနမှ ဒီဂရီဘွဲ့ရရှိခဲ့သည်။ သူမသည် သူမ၏ ခင်ပွန်းနှင့်အတူ ဗိသုကာလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။ သူမသည် ပုံပြင်ဖန်တီးရေးသားရာတွင် ပတ်ဝန်းကျင်ရှိ အနံ့၊ အရသာ၊ အသံနှင့် အထိအတွေ့များကို အစွမ်းကုန် အာရုံဖွင့်ခံစားပြီး ကြည်နူးပျော်ရွှင်စွာဖြင့် ဖန်တီးရေးသားလေ့ရှိသည်။ Audie က ပုံပြင်ရေးသားခြင်းသည် စိတ်ကူးစိတ်သန်းများကို စကားလုံး၏စွမ်းအားဖြင့် ဖော်ပြခွင့်ပေးသည်ဟု ခံယူထားသည်။ သူမသည် Bandung မြို့ရှိ အနုပညာအသိုင်းအဝိုင်းတွင် ခင်ပွန်း၊ သားနှင့်အတူ နေထိုင်လျက်ရှိသည်။



Haikal ကို အင်ဒိုနီးရှားနိုင်ငံ Bandung မြို့တွင် မွေးဖွားခဲ့သည်။ အသက် သုံးနှစ်အရွယ်မှ စတင်ပြီး ပုံများကို ရေးဆွဲခဲ့သည်။ ငယ်စဉ်ကတည်းက သရုပ်ဖော်ပန်းချီဆရာတစ်ယောက် ဖြစ်ချင်ခဲ့ပြီး ကာတွန်း Animator တစ်ယောက်လည်း ဖြစ်ချင်ခဲ့သည်။ National Character Design Competition နှင့် the ULTIGRAPH Award ဆုများအပြင် ဆုအမြောက်အမြားကိုလည်း ချီးမြှင့်ခြင်းခံရသည်။ Haikal သည် Visual Communication Design ကို Multimedia Visual Communication အထူးပြုဘာသာရပ်ဖြင့် ပညာဆက်လက်ဆည်းပူးလျက်ရှိသည်။



ဝီဝီနဲ့ နိုနိုက သူ့သူငယ်ချင်းရဲ့မွေးနေ့ကို သွားကြတယ်။ သူ့သူငယ်ချင်း အိမ်ဆီကို အသွားလမ်းတစ်လျှောက် ဝီဝီက နိုနို့ကို လမ်းပြပေးမယ်လို့ ပြောတယ်။ ဒါပေမယ့် နိုနိုက လမ်းသိတယ်ဆိုပြီး သူ့ကိုယ်သူ သိပ်ယုံကြည်နေတယ်။ မျက်စိမမြင်ရတဲ့ နိုနိုက လမ်းတွေကို ဘယ်လိုများ သိတာပါလိမ့်လို့ ဝီဝီက အံ့သြနေတော့တယ်။

ရောင်းရန်မဟုတ်ပါ။